ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၀
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၄ ရက်

MyanShwePyi Tractors Limited (၄င်း၏ကိုယ်စားဦးမြတ်သူ) နှင့် San Thwin Chit Co, Ltd(၄င်း၏ကိုယ်စား)
၁။ ဒေါ်စန်းစန်းဝေ(ဒါရိုက်တာ)
၂။ ဦးတင်ဝင်း (ဒါရိုက်တာ)

တရားလို — တရားပြိုင်များ

တရားလိုအတွက် —ဦးဝင်းကို၊ အထက်တန်းရှေ့နေ
တရားပြိုင်(၁၊၂)အတွက် —ဒေါ်တင်မမခိုင်၊တရားလွှတ်တော်ရှေ့နေ

**<u>စီရင်ချက်</u>**

MyanShwePyiTract0rs Limited က San Thwin Chit Co, Ltd ပါ၃ဦး အပေါ်စက်ယန္တရား ငှားရမ်းခကျန်ငွေ၈၇၉၃၁၀၀ကျပ်နှင့်နစ်နာကြေးငွေ ၂၅၇၉၃၅၅၉ ကျပ်စုစုပေါင်း ၁၁၅၅၈၆၆၅၉ ကျပ်ရလိုမှုစွဲဆိုသည်။ အချေလွှာမတင်မီ မန်နေးဂျင်း ဒါရိုက်တာ ဦးအေးကိုစိုးမှာ ကွယ်လွန်သွား၍ ကျန်သော ကုမ္ပဏီဒါရိုက်တာများနှင့် အမှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုလွှာတွင် တရားလိုသည် သာကေတ၊စက်မှုဇုန်၊မြမာလာလမ်း၊အမှတ် ၁၆ တွင်ရုံးစိုက်ပြီးပြည်ပမှ မှာယူသော စက်ယန္တရားနှင့် စက်ပစ္စည်းမျိုးစုံဖြန့်ချီရေးလုပ်ငန်း ကို လုပ်ကိုင်ကြောင်း၊တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီထံမှ CATERPILLAR 320 D 2 Hydraulic Excavator 1Unit ၂စီးအား ငှားရမ်းသုံးစွဲခွင့်ပေးရန် ပြော၍ ၂၀.၄.၁၅ နေ့တွင် သဘောတူစာချုပ် ချုပ်ဆို ငှားရမ်းခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီမှ စက်ငှားရမ်း ခပေးရန် ပျက်ကွက်သဖြင့်ငွေ ၁၀၄၂၉၃၁၀၀ ကျပ်ကို ၂၀၁၇ခုနှစ် ၂လပိုင်းနောက်ဆုံး

ထားပေးမည်ဟု ကတိပြုပြီးအပြည့်အဝမပေး၍ ကျန်ငွေ ၈၉၇၉၃၁၀၀ကျပ်နှင့် ယင်းငွေအပေါ် အခြေပြုနစ်နာဆုံးရှုံးမှုများအတွက် ရလိုကြောင်း အဆိုပြုသည်။

၁၂တရားပြိုင်တို့က ဦးအေးကိုစိုးတစ်ဦးတည်းသာ လုပ်ကိုင်ကြောင်း ဦးအေးကိုစိုး၏ ဆောင်ရွက်မှုများအတွက် မသိရှိကြောင်း စက်ယန္တရား အငှားစာချုပ်ကိုလည်း လက်မှတ်ထိုးထားခြင်းမရှိကြောင်း ချေပသည်။

အဆိုအချေတို့အရ အောက်ပါ ငြင်းချက်များထုတ်နုတ်ကြားနာခဲ့သည်။

၁။ တရားလို ကုမ္ပဏီထံမှ တရားပြိုင်ကုမ္ပဏီက စက်ယန္တရား ၂စီးကို စာချုပ် ချုပ်ဆို ငှားရမ်းခဲ့သည်မှာ မှန်ပါသလား။

၂။ တရားလိုသည် တရားပြိုင်ထံမှ စက်ယန္တရားငှားရမ်းခကျန်ငွေ ၈၉၇၉၃၁၀၀ကျပ် ရရန် ကျန်သည်မှာ မှန်ပါသလား၊

၃။ တရားလိုသည် နစ်နာကြေးရထိုက်ပါသလား၊ရထိုက်လျှင် မည်မျှရ ထိုက်ပါသနည်း။

၄။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။

ငြင်းချက်၁။

တရားလိုသည် အဆိုလွှာပါအတိုင်းထွက်ဆိုပြီး ၄င်းသည်လည်းဒါရိုက်တာတစ်ဦးဖြစ်ကြောင်း၊၄င်းအား ကုမ္ပဏီမှ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အမှုကိုစွဲဆိုစေကြောင်း အစည်းဝေးဆုံးဖြတ်ချက် မှတ်တမ်း သက်သေခံ-က၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သက်သေခံ-ခ၊ တရားပြိုင်ကုမ္ပဏီကို တရားလိုကုမ္ပဏီက စက်ယန္တရားငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ် သက်သေခံ-ဂနှင့်ဆတို့ကို တင်ပြသည်။

အထွေထွေမန်နေဂျာ ဦးဇော်သိန်း လိုပြ-၁၊ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးမင်းဌေး လိုပြ-၂၊ လက်ထောက်မန်နေဂျာသန့်ဇင်ဝင်း လိုပြ-၃၊ စာရင်းကိုင် ဒေါ်ဝတ်ရည်ထွန်း လိုပြ-၄တို့က တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီထံမှ စက်ယန္တရား ၂စီးငှားသွားပြီး ငှားရမ်းခကို ၂၀၁၅ ခုနှစ် ကုန်ကာနီးအထိသာပေး၍ ၂၀၁၆ ခုနှစ် အစပိုင်းမှစ၍ မပေးသဖြင့် ရရန် ၈၉၇၉၃၁၀၀ကျပ် ကျန်ရှိကြောင်း ထွက်ဆိုကြသည်။

တရားပြိုင်တို့က ဦးအေးကိုစိုး တစ်ဦးတည်းက လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီ တည်ထောင်ရန် လူအင်အားလိုကြောင်း၊အမည်ခံအဖြစ်ပါရန် ဦးအေးကိုစိုးက ပြော၍ ဒေါ်စန်းစန်းဝေနှင့် ဦးတင်ဝင်းတို့မောင်နှမမှ အမည်စာရင်း ပေးခြင်းသာရှိကြောင်း၊ ကုမ္ပဏီလိပ်စာမှာဦးအေးကိုစိုး၏မိဘများနေထိုင်ရာအိမ်လိပ်စာသာဖြစ်ကြောင်း၊ ဦးအေးကိုစိုး၏ ဆောင်ရွက်မှုကို မသိကြောင်း၊ ဦးအေးကိုစိုးနှင့် လင်မယားကွာရှင်းရန် ဒေါ်စန်းစန်းဝေမှ ဖားအံခရိုင်တရားရုံးတွင် လျှောက်ထားခဲ့ကြောင်း၊ ဦးအေးကိုစိုးမှာ ရန်ကုန်တွင်နေပြီး တရားပြိုင်တို့မှာ စက်စဲတွင်နေထိုင်ဈေးရောင်းကြောင်း၊၂၀၁၄ ခုနှစ်မှစ၍ ဦးအေးကိုစိုးမှ ထောက်ပံ့ခြင်းမရှိကြောင်း၊ ဦးအေးကိုစိုး ကွယ်လွန်သည်အထိ ဒေါ်စန်းစန်းဝေနှင့် ဦးအေးကိုစိုးတို့ ကွာရှင်းရခြင်းမရှိသေးကြောင်းထွက်ဆိုသည်။

တရားပြိုင်တို့သည် San Thwin Chit Co, Ltd ကုမ္ပဏီတွင် အမည်ခံသာပါဝင်ကြောင်း တင်ပြသည်။ ကုမ္ပဏီအဖွဲ့ဝင် မဟုတ်ကြောင်း တင်ပြနိုင်ခြင်းမရှိပေ။ ကုမ္ပဏီမှ နုတ်ထွက်ထားကြောင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီကို ဖျက်သိမ်းထားခြင်းကိုသော်လည်းကောင်း တင်ပြနိုင်ခြင်းမရှိ၍ San Thwin Chit Co, Ltd နှင့် အကျိုးသက်ဆိုင်သူများမဟုတ်ဟူသော တရားပြိုင်တို့၏ တင်ပြချက်ကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

တရားလိုသည် San Thwin Chit Co, Ltd ကုမ္ပဏီထံ CATERPILLAR 320 D 2 MDJ စက်နံပါတ် ၀၀၂၅၄ကို ငှားရမ်းကြောင်း စက်ယန္တရားငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ်သက်သေခံ-စနှင့် CATERPILLAR 320 D 2 MDJ စက်နံပါတ် ၀၀၂၅၅ကို ငှားရမ်းကြောင်း စက်ယန္တရားငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ် သက်သေခံ-ဆကို တင်ပြသည်။ အဆိုပါစာချုပ်များတွင် စက်ယန္တရားငှားရမ်းသူမှာ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊သုဓမ္မာလမ်း၊ ၄၄၃/၄၄ နေ San Thwin Chit Co, Ltd ဟုဖော်ပြချုပ်ဆိုပြီး ငှားရမ်းသူနေရာတွင် မန်နေးဂျင်းဒါရိုက်တာ ဦးအေးကိုစိုး၊ စံသွင်ချစ်ကုမ္ပဏီဟု ဖော်ပြ၍ ဦးအေးကိုစိုးက လက်မှတ်ထိုးထားသည်။ အဆိုပါစာချုပ်များတွင် ဦးအေးကိုစိုး တစ်ဦးတည်းက လက်မှတ်ထိုးထားသော်လည်း စံသွင်ချစ်ကုမ္ပဏီ အနေဖြင့် လက်မှတ်ထိုးခြင်းဖြစ်၍ စံသွင်ချစ်ကုမ္ပဏီ အဖွဲ့ဝင်အားလုံးနှင့်သက်ဆိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ တရားလို ကုမ္ပဏီထံမှ တရားပြိုင်ကုမ္ပဏီက စက်ယန္တရား ၂စီးကို စာချုပ် ချုပ်ဆို ငှားရမ်းသည်မှာ မှန်ကြောင်းဖြေကြားသည်။

ငြင်းချက်၂။

စာရင်းကိုင် ဒေါ်ဝတ်ရည်ထွန်း လိုပြ-၄က ဦးအေးကိုစိုးထံမှ စက်ငှားရမ်းခ ၁၁၅၈၆၁၂၀၀ ကျပ်ရရှိပြီး၍ ရရန် ၈၉၇၉၃၁၀၀ ကျန်ကြောင်းထွက်ဆိုကာ ငှားရမ်းခစာရင်း သက်သေခံ-ပနှင့် ပြေစာများကို တင်ပြသည်။ တရားပြိုင်တို့က ငှားရမ်းခြင်းပြုကြောင်း ငြင်းဆိုနိုင်ခြင်းမရှိသကဲ့သို့ ပေးပြီးကြောင်းလည်း တင်ပြနိုင်ခြင်းမရှိသဖြင့် တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီထံမှ ငှားရမ်းခကျန်ငွေ ၈၉၇၉၃၁၀၀ကျပ် ရရန်ကျန်သည်မှာ မှန်ကြောင်းဖြေကြားသည်။

ငြင်းချက် ၃။

တရားလိုအနေနှင့် နစ်နာမှုရှိ၍ နစ်နာကြေးရထိုက်ကြောင်း ၂ရာနှုန်းနှင့် တွက်ချက်ရာ ၂၅၇၉၃၅၁၆ ကျပ်ဖြစ်ကြောင်း စာရင်းကိုင် ဒေါ်ဝတ်ရည်ထွန်း လိုပြ-၄က ထွက်ဆိုတင်ပြသည်။ တရားလိုတွင် နစ်နာမှု ရှိသော်လည်း ၂ ရာနှုန်းနှင့် နစ်နာကြေးပေးမည်ဟု စက်ယန္တရားငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ် သက်သေခံ-စနှင့်ဆ တို့တွင် ထည့်သွင်းချုပ်ဆိုထားခြင်းမရှိပေ။

မည်သို့နစ်နာကြောင်း၊ ဆုံးရှုံးမှုရှိကြောင်း တစ်စုံတစ်ရာတင်ပြထွက်ဆိုခြင်းမရှိဘဲ အတိုးတွက်သကဲ့သို့ ၂%နှင့်တွက်ချက်တင်ပြသည်ကို ခွင့်ပြုရန်အကြောင်းမရှိပေ။

သို့ဖြစ်၍ တရားလို ကုမ္ပဏီသည် နစ်နာကြေးရထိုက်ခွင့်မရှိကြောင်း ဖြေကြား သည်။

ငြင်းချက်၄။

မူလက ဦးအေးကိုစိုးမှ ၄င်းနှင့် ဒေါ်စန်းစန်းဝေတို့မှာ လင်မယားကွာလိုမှုနှင့် ၄င်းက မယားခေါ်လိုမှုစွဲဆိုထား၍ ဒါရိုက်တာအစည်းအဝေးကျင်းပရန်မဖြစ်နိုင်သဖြင့် လူပုဂ္ဂိုလ်အနေနှင့် အမှုရင်ဆိုင်လိုကြောင်းလျှောက်ထားခဲ့သည်ကို ရုံးတော်က ပယ်ချခဲ့ သည်။ ထို့နောက် တရားလို၏လျှောက်ထားချက်အရ ဒါရိုက်တာများဖြစ်သော တရားပြိုင် ဦးတင်ဝင်းနှင့် ဒေါ်စန်းစန်းဝေ တို့ကို အမှုသည်အဖြစ် ထည့်သွင်းခဲ့သည်။

တရားပြိုင်ဒေါ်စန်းစန်းဝေက ဦးအေးကိုစိုးနှင့် လင်မယားကွာရှင်းရန် ဖားအံခရိုင် တရားရုံးတွင်လျှောက်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ်ဖြစ်ပြီး စက်ယန္တရားငှားရမ်းသည်မှာ ၂၀.၄.၁၅ နေ့ဖြစ်၍ လင်မယားကွာရှင်းရန် မလျှောက်ထားမီကပင် စံသွင်ချစ်ကုမ္ပဏီ အနေဖြင့် ပေးရန်ရှိသော အခကြေးငွေများဖြစ်ကြောင်း ပေါ်ပေါက်သည်။

မန်နေးဂျင်းဒါရိုက်တာ ဦးအေးကိုစိုး ကွယ်လွန်သော်လည်း ကျန်ဒါရိုက်တာအဖွဲ့ ဝင်များရှိနေပြီး စံသွင်ချစ်ကုမ္ပဏီအနေဖြင့် ပေးရန်တာဝန်ရှိ၍ တရားလို ကုမ္ပဏီသည် နစ်နာကြေးမှအပ ငှားရမ်းခကျန်ငွေ ၈၉၇၉၃၁၀၀ကျပ် ရထိုက်ကြောင်းဖြေကြားသည်။

သို့ဖြစ်၍ San Thwin Chit Co, Ltd က MyanShwePyiTract0rs Limited သို့ စက် ယန္တရားငှားရမ်းခကျန်ငွေ ၈၉၇၉၃၁၀၀ ကျပ်ကို ပေးစေရန် စရိတ်နှင့်တကွ ဒီကရီချ မှတ်သည်။ ရှေ့နေစရိတ် ကျပ် ၅၀၀၀ သတ်မှတ်သည်။

(ကောင်းစင်မာ)
တွဲဖက်ခရိုင်တရားသူကြီး( )
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး